“ပြုပြင်ပြောင်းလဲခြင်းတံခါးဖွင့်ဝါဒကျင့်သုံးခဲ့သည့် အနှစ်(၄၀)မြောက်”

ယူနန် “ကောင်းကင်ယံမှရွှေတံတား” ကမ္ဘာနှင့်ချိတ်ဆက်

အယ်ဒီတာအညွှန်း။ ။ယခုနှစ်သည် တရုတ်နိုင်ငံပြုပြင်ပြောင်းလဲတံခါးဖွင့်ဝါဒကျင့်သုံးခဲ့သည့် (၄၀)နှစ်မြောက်ဖြစ်သည်။ အနှစ်(၄၀)ကြာလက်တွေ့အကောင်အထည်ဖော်ခဲ့ခြင်းဖြင့် တရုတ်နိုင်ငံ၏ကံကြမ္မာသည် ပြုပြင်ပြောင်းလဲရေးတံခါးဖွင့်ဝါဒပေါ်မူတည်ကြောင်း သိသာထင်ရှားလှပါသည်။ ယခုကော်လံတွင် ယူနန်ပြည်နယ်ပြုပြင်ပြောင်းလဲတံခါးဖွင့်ဝါဒကျင့်သုံးပြီးနောက် ရရှိခဲ့သော တန်ဖိုးရှိသည့်အတွေ့အကြုံများကို ဖော်ပြသွားမည်ဖြစ်သည်။

ကျင်မိုက်တောင်၏ ရွှေဦးရာသီနံနက်ပိုင်းတွင် တိမ်များမြူများဖုံးလွှမ်းနေပြီး “ကျင်မိုက်အိမ်ရာ” တည်ခိုခန်းများမှ ရယ်မောသံများကြားနေရသည်။ နေရာအရပ်ရပ်မှ ရောက်ရှိလာကြသော ဧည့်သည်တော်များသည် အိမ်ခြံအတွင်းရှိ ရေကန်နံဘေးတွင် ကြည်နူးစွာစကားပြောဆိုနေကြသည်။

“လွန်ခဲ့တဲ့(၁၀)နှစ်က ကျွန်မပထမဦးဆုံးအကြိမ် ကျင်မိုက်တောင်ရောက်ခဲ့ပြီး အဲဒီချိန်မှစပြီး ဒီနေရာကိုကြိုက်နှစ်သက်ခဲ့တယ်လေ။ အရင်က လမ်းပန်းဆက်သွယ်ရေးမကောင်းတာကြောင့် လာရတာအချိန်ကုန်တယ်။ အကြိမ်ကြိမ် မရောက်လာခဲ့ဘူး။ ပြီးခဲ့တဲ့နှစ်မှာ ကျင်းမိုက်ကို လေကြောင်းစပျံသန်းကြောင်း သိတာနဲ့ အဲဒီလမှာပဲတစ်ကြိမ် ‘ပျံ’လာခဲ့တယ်။ ယခုအကြိမ်ကဒီနှစ်ထဲတတိယ အကြိမ်လာတာဖြစ်တယ်။”ဟု ပေကျင်းမြို့နေ မစ္စတွမ်ကပြောပြနေသည်။

အမိနိုင်ငံ အနောက်တောင်ပိုင်းတွင်ရှိသော ယူနန်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်းသည်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲဖြစ်စေခဲ့သည်။ ယခုနှစ်ပိုင်းတွင်ယူနန်ပြည်နယ်သည် တမူထူးခြားသောသံယံဇာတနှင့် နယ်မြေဒေသအားသာချက်များဖြင့် လေကြောင်းဆောက်လုပ်ရေးကို အားစိုက်လုပ်ဆောင်ခဲ့ပြီး (၃)ကီလိုမီတာရှိသော လေဆိပ်ပြေးလမ်းဖြင့် အဆင်ပြေစေသော ကောင်းကင်ယံလမ်းပန်းဆက်သွယ်မှုကို တည်ဆောက်ခဲ့သည်။

(၂၀၁၂)ခုနှစ် ကူမင်းချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်မှာ “တစ်ညတည်းလေဆိပ်ပြောင်း၊ တစ်ခါတည်းပြီးမြောက်” ဟူသည့်စီမံချက်ကို ယူနန်အမျိုးသားလေကြောင်းလိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်ထောက်ပံ့ပေးခဲ့သည်။ (၂၀၁၅)ခုနှစ်မှစပြီးလူခွဲးဟူလေဆိပ်၊ ချွမ်းယွမ်လေဆိပ်၊ လန်ချန်းလေဆိပ်အသီးသီးဖွင့်လှစ်ခဲ့ပြီးယူနန်လေဆိပ်အုပ်စုသည် တစ်နှစ်လေဆိပ်အသစ်တစ်ခု တိုးချဲ့သောမှတ်တမ်းတင်မှုရရှိခဲ့ပြီး ကျွန်တော်တို့နိုင်ငံ၏အမျိုးသားလေကြောင်းလိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် “ယူနန်အံ့ဖွယ်” ဖြစ်စေနိုင်ခဲ့ပါသည်။

(၂၀၀၉)ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သောထိန်ချုံးလေဆိပ်သည် ယူနန်လေကြောင်းလိုင်းအား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်နေသော စံနမူနာလေဆိပ်ဖြစ်ပြီး စတင်ဖွင့်လှစ်ပြီးနောက် လွယ်ကူသောကူးသန်းသွားလာရေးအားသာချက်ကို မှီခိုအားကိုးပြီး ထိန်ချုံးမြို့၏ခရီးသွားလုပ်ငန်းမှာ အလျင်အမြန်မြင့်တက်ခဲ့ကာ တစ်မြို့လုံး၏စီးပွားရေးတိုးမြင့်ခြင်းအတွက် ခိုင်မာသော ကျောထောက်နောက်ခံဖြစ်လာခဲ့သည်။ ယမန်နှစ်တွင် ထိန်ချုံးတစ်မြို့လုံးရင်းနှီးမြှုပ်နှံမှုမှာယွမ်ငွေ (၂၀. ၁၁၅)ဘီလီယံရှိခဲ့ပြီးဘဏ္ဍာရေးဝင်ငွေယွမ်ငွေ (၂. ၃၉၈) ဘီလီယံရှိခဲ့ပါသည်။ လေဆိပ်စတင်ဖွင့်လှစ်ခဲ့သော (၂၀၀၉)ခုနှစ်နှင့် နှိုင်းယှဉ်လျှင်(၇)ဆနှင့် (၃. ၆)ဆအထိ အသီးသီးမြင့်တက်ခဲ့သည်။ ခရီးသွားလုပ်ငန်းဝင်ငွေမှာ (၂၀၀၉)ခုနှစ်၏ ယွမ်ငွေ(၁. ၆၂) ဘီလီယံမှ (၂၀၁၇)ခုနှစ်၏ ယွမ်ငွေ (၁၅. ၁၁)ဘီလီယံအထိ မြင့်တက်ခဲ့ပြီး နှစ်စဉ်မြင့်တက်နှုန်း (၁၅%)အထက် ရှိနေပါသည်။

ယူနန်လေဆိပ်အုပ်စုသည် မိမိ၏အားသာချက်နှင့် ထူးခြားချက်ကို အခြေပြုပြီးပြုပြင်ပြောင်းလဲရေးများလုပ်ဆောင်ခဲ့ကာ အစိုးရအောက်မှ “တစ်စုတစ်စည်းဖြစ်ခြင်း” ထိန်းချုပ်မှုပုံစံကို ထုတ်ဖော်လုပ်ဆောင်ခဲ့ပါသည်။

ပြုပြင်ပြောင်းလဲခြင်းလမ်းစများ ရှာဖွေစူးစမ်းစဉ်တွင် ယူနန်အမျိုးသားလေကြောင်းလိုင်းသည် ဖွံ့ဖြိုးတိုးတက်ခြင်းများဖြင့် အောင်မြင်မှုများရရှိခဲ့သည်။ ယခုချိန်တွင်ယူနန်ပြည်နယ်သည် ဆောက်လုပ်ပြီးလုပ်ငန်းလည်ပတ်နေသော အမျိုးသားလေကြောင်း လေယာဉ်ကွင်းပေါင်း (၁၅)ခုရှိပြီး တစ်နိုင်ငံလုံးတွင် လေဆိပ်အရေအတွက်များသော၊ အရည်အသွေးကောင်းမွန်သော၊ လေကြောင်းလိုင်းပေါများသော၊ လေဆိပ်ထိန်းချုပ်မှုပေါင်းစည်းထားခြင်းရှိသော ပြည်နယ်ဖြစ်လာသည်။ ယခုနှစ်ပထမသုံးလပတ်အထိဖွင့်လှစ်ပြီးသော လေကြောင်းလိုင်းမှာ (၄၂၄)ခုရှိပြီး၊ ၎င်းအနက်မှ ပြည်တွင်းလေကြောင်း(၃၅၃)ခု၊ ပြည်ပလေကြောင်း(၆၇)ခု၊ ဒေသဆိုင်ရာလေကြောင်း(၄)ခုရှိသည်။ ကူမင်းလေဆိပ်မှ တောင်အာရှ၊ အရှေ့တောင်အာရှသို့ပျံသန်းသော လေကြောင်းလိုင်းများမှာ သီတင်းတစ်ပတ်တွင် (၂၃၅)စင်းထိရှိပြီး၊ တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံလေဆိပ်(၃၂)ခုသို့ပျံသန်းပြီး ပြည်တွင်းပြည်ပနှင့် ချိတ်ဆက်ပျံသန်းသော လေကြောင်းလိုင်းအများဆုံးလေဆိပ်လည်းဖြစ်သည်။

ပြုပြင်ပြောင်းလဲခြင်းများဆက်လက်လုပ်ဆောင်နေပြီး လေကြောင်းလိုင်းများလွှမ်းမိုးထားနိုင်သော လေကြောင်းကွန်ရက်ကို တည်ဆောက်မည်ဖြစ်သည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” ဆောက်လုပ်ရေးအတွက်ဝန်ဆောင်မှုပြုနေပါသည်။ ယူနန်ပြည်နယ်၏နယ်မြေအားသာချက်သည် တစ်နေ့တစ်ခြားဖွံ့ဖြိုးမှုအားသာချက်သို့ ကူးပြောင်းနေပြီး(၃)ကီလိုမီတာ လေဆိပ်ပြေးလမ်းဖြင့် ယူနန်ပြည်နယ်နှင့် ကမ္ဘာအနှံ့သို့ ချိတ်ဆက်ကာယူနန်ပြည်နယ်သည် တစ်နေ့တစ်ခြားဖွံ့ဖြိုးတိုးတက်လာနေပါတော့သည်။

သတင်းထောက် ဟူရှောက်ယုန်

“ပြွဲ”

နာချထွန်း။ ။တရုတ်–တောင်အာရှကုန်စည်ပြပွဲသည် ထိုင်း–တရုတ်မှလုပ်ငန်းရှင်များအား ပူးပေါင်းဆောင်ရွက်ရန် အထောက်အကူပြုနိုင်

“တောင်အာရှကုန်စည်ပြပွဲသည် ထိုင်းနှင့်တရုတ်၊ ပြည်သူလူထုများချစ်ခင်ရင်းနှီးမှုကိုပေါ်လွင်စေပြီး အချင်းချင်းနှီးနှောဖလှယ်သော ပွဲတော်တစ်ခုဖြစ်သည်။”ဟု ယခင်ရက်ပိုင်းတွင် ကူမင်းမြို့အခြေစိုက် ထိုင်းနိုင်ငံကောင်စစ်ဝန်ရုံးကုန်သွယ်လုပ်ငန်းဌာန ကုန်သွယ်ရေးကုန်သွယ်ရေးကောင်စစ်ဝန်ဖြစ်သူ နာချထွန်းကပြောကြားသွားခဲ့သည်မှာ- တောင်အာရှကုန်စည်ပြပွဲသည် ထိုင်းနိုင်ငံထွက်ကုန်များကို ကြော်ငြာရောင်းချပေးသော အရေးပါသည့်ကဏ္ဍဖြစ်ပြီး တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်နိုင်ရန် ချိတ်ဆက်ပေးကြောင်း သို့ဖြစ်၍ထိုင်းနိုင်ငံအဆင့်မြင့် အမှတ်တံဆိပ်များသည် တောင်အာရှကုန်စည်ပြပွဲကို အမှီပြုပြီး တရုတ်လုပ်ငန်းရှင်များထံ ထိုင်းထုတ်ကုန်များကို မိတ်ဆက်ပေးကြောင်းလည်း သူက ဆက်လက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနသည် ယခုနှစ် တောင်အာရှကုန်စည်ပြပွဲကို အထူးအလေးထားခြင်းကြောင့် “ပြပွဲကာလတွင်ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနမှ ထိုင်း-တရုတ်လုပ်ငန်းရှင်များအစည်းအဝေးပြုလုပ်ခဲ့သည်။ ထိုင်း-တရုတ်လုပ်ငန်းများရေရှည်ပူးပေါင်းဆောင်ရွက်ခြင်းများလုပ်ဆောင်နိုင်ရန် စီးပွားရေးလုပ်ငန်းရှင်အစည်းအဝေးလုပ်ခဲ့ခြင်းဖြစ်သည်။”ဟု နာချထွန်းကပြောကြားသည်။ ယခုအကြိမ်တောင်အာရှကုန်စည်ပြပွဲသည်လုပ်ငန်းရှင်များအနေဖြင့်အရေးပါသောအခွင့်အရေးတစ်ခုဖြစ်ပြီး ဈေးဝယ်သူအတွက်လည်း ကြိုဆိုခဲ့သောဈေးဝယ်အခွင့်အလမ်းတစ်ခုဖြစ်သည်။ “တရုတ်နိုင်ငံ၏ အီးကော်မာရှယ်ဖွံ့ဖြိုးတိုးတက်ရေးသည် နည်းပညာအပိုင်းဖြစ်ဖြစ်၊ ဝန်ဆောင်မှုအပိုင်းဖြစ်ဖြစ် ကမ္ဘာ့ရှေ့ပြေးဖြစ်သည်။”တောင်အာရှကုန်စည်ပြပွဲတွင် ပါဝင်ဆောင်ရွက်ခြင်းသည် ထိုင်းနိုင်ငံလုပ်ငန်းရှင်များအနေဖြင့် လေ့လာသင်ယူနိုင်သော အခွင့်အရေးဖြစ်သည်ဟု နာချထွန်းကပြောကြားသည်။ တရုတ်ဈေးဝယ်သူများသည် မိုဘိုင်းဖုန်းများတွင် ပစ္စည်းဝယ်ခြင်း၊ ငွေပေးချေခြင်းစနစ်ကို ကြိုက်နှစ်သက်ခြင်းကြောင့် ထိုင်းနိုင်ငံ အီလက်ထရောနစ်ကုန်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုင်း-တရုတ်ပူးပေါင်းဆောင်ရွက်ခြင်းများလုပ်ဆောင်ရန် ရှေ့ရေးအလားအလာသည် ကောင်းမွန်နေပါတော့သည်။